**ဤစာရွက်ကို သင်မှလွဲ၍ကျန်သူများမမြင်အောင် သေချာသိမ်းထားပါ။**

# ရဲဌာန၏အိမ်တွင်းအကြမ်းဖက်မှုသတင်းပို့လက်ခံလွှာနှင့်အကြမ်းဖက်ခံရသူ၏လုံခြုံမှုအစီအစဉ်စာရွက်

သတင်းပို့လွှာနံပါတ်။ ။

သတင်းပို့သည့်ရက်၊ အချိန်။ ။

သတင်းပို့သည့်ဌာန၊ ယူနစ်။ ။

အကြမ်းဖက်ခံရသူ၏အမည်။ ။ အကြမ်းဖက်သူ၏အမည်။ ။

ဖြစ်ပွားချိန်။ ။

ဖြစ်ပွားသည့်နေရာ။ ။

## ကျွန်တော်/ကျွန်မက အကြမ်းဖက်သူနှင့်အတူနေထိုင်စဉ်အတွင်း

၁။ ကျွန်တော်/ကျွန်မသည် အကြမ်းဖက်သူနှင့်အတူနေထိုင်သည်ဖြစ်စေ ခွဲနေပြီဖြစ်စေ မိမိနှင့် အိမ်သားများ၏ အခြေခံလုံခြုံမှု အတွက် ရဲဌာန၊ အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ရေးစင်တာ၊ တရားရုံးအစရှိသည့်နေရာများသို့ သွားရောက်အကူအညီတောင်းနိုင်သည်။

၂။ ကျွန်တော်/ကျွန်မသည် မိမိ၏ဖြစ်စဉ်ကို ယုံကြည်ရသောအိမ်သား၊ သူငယ်ချင်း၊ အလုပ်ဖော်၊ အိမ်နီးနားချင်း အစရှိသူများကို ပြောပြထားခြင်းဖြင့် သူတို့သည်ကျွန်တော်/ကျွန်မ၏ စိတ်ပိုင်းဆိုင်ရာထောက်ပံ့မှုဖြစ်စေသည့်အပြင် အရေးပေါ်ချိန်တွင် အကူအညီတောင်းနိုင်သူများလည်း ဖြစ်သည်။

၃။ ကျွန်တော်/ကျွန်မသည် ယုံကြည်ရသူနှင့် လျှို့ဝှက်အမှတ်အသား(ဥပမာ။ ။ စကားတစ်ခွန်း၊ သီချင်းတစ်မျိုး သို့မဟုတ် ဘဲလ်သံအချက်ပေါင်း အစရှိသည်ဖြင့်)တစ်ခုကို ကြိုတင်ပြောထားပြီး

အကူအညီလိုချိန်တွင် သူသိအောင်ဖုန်းဆက်အကြောင်းကြားနိုင်သည်။

၄။ အကြမ်းဖက်မှုဖြစ်ပွားတော့မည်ဟု ခန့်မှန်းမိပါက တစ်ဖက်သား၏ဒေါသများကိုလျှော့နည်းအောင် အ

တတ်နိုင်ဆုံးသွားရောက်ရန်ဆွဲခြင်းမပြုဘဲ ကျွန်တော်/ကျွန်မက အရှုံးပေးလိုက်ပြီဟုထင်စေခြင်း

သို့မဟုတ် အိမ်အတွင်းလုံခြုံသည့်နေရာ သို့မဟုတ် အိမ်သားများသည့်နေရာ သို့မဟုတ်

ထွက်ပေါက်နီးရာသို့သွားနေခြင်းဖြင့် မိမိကိုယ်ကို ကာကွယ်ပါ။

၅။ သားသမီးများနှင့်လျှို့ဝှက်အမှတ်အသား(ဥပမာ။ ။ ဘယ်ပြတင်းပေါက်ကန့်လန့်ကာက ချထားခြင်း၊

အိမ်ပေါက်ဝတွင်ဘယ်ပစ္စည်းမြင်ခြင်း) တစ်ခုကိုကြိုပြောထားပြီး ထိုအမှတ်အသားတွေ့သည်နှင့် အိမ်ထဲမ

ဝင်ဘဲ ချက်ချင်းဖုန်းဆက်အကူအညီတောင်းမည်။

၆။ ကျွန်တော်/ကျွန်မသည် အိမ်နှင့်အနီးဆုံးရဲစခန်း၊ ဆေးရုံတည်နေရာကို သိရမည်။

၇။ သားသမီးကို ရဲတိုင်နည်းနှင့်အကူအညီတောင်းနိုင်သူကို သင်ကြားပြောပြထားမည်။ ဖုန်းဆက်

အကူအညီတောင်းချိန်တွင် မိမိအိမ်ဖုန်းနံပါတ်၊ လိပ်စာနှင့်လိုအပ်ချက်ကို မှန်ကန်ရှင်းလင်းစွာပြောရမည်။

## ကျွန်တော်/ကျွန်မက အကြမ်းဖက်သူနှင့်ကွာရှင်းတော့မည်ဟု ဆုံးဖြတ်ပြီးချိန်တွင်

၈။ ကျွန်တော်/ကျွန်မက ထွက်ခွာသွားမည်ဟု ဆုံးဖြတ်လိုက်ချိန်တွင် "မဖြစ်မနေယူရမည့်ပစ္စည်း"။ ။

မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်၊ ကျန်းမာရေးအာမခံကဒ်၊ ဘဏ်ကဒ်၊ ခရေဒစ်ကဒ်၊ ဘဏ်စာအုပ်၊

တံဆိပ်တုံး၊ ပိုက်ဆံ၊ ဆက်သွယ်မည့်ဖုန်းစာအုပ်၊ အိမ်ထောင်စုဇယား၊ လက်ကိုင်ဖုန်း၊ အဝတ်အစားအချို့၊

ကလေးသုံးပစ္စည်းတို့ကို ယူဆောင်လာမည်။

၉။ ကျွန်တော်/ကျွန်မသည် "မဖြစ်မနေယူရမည့်ပစ္စည်း" များကို အိမ်၏လုံခြုံသောနေရာတွင်သိမ်းထားပြီး

အရေးပေါ်ချိန်တွင် ယူပြီးသည်နှင့် ထွက်ခွာနိုင်မည်။

၁၀။ ကျွန်တော်/ကျွန်မသည် "မဖြစ်မနေယူရမည့်ပစ္စည်း" များကို လိုအပ်ချိန်တွင် သုံးနိုင်ရန် မိတ်ဆွေ၊

သူငယ်ချင်းအိမ်တွင် ထားထားမည်။

## ကျွန်တော်/ကျွန်မက အကြမ်းဖက်သူထံမှ ထွက်ခွာလာပြီးချိန်တွင်

၁၁။ အကြမ်းဖက်သူနှင့်မဖြစ်မနေပြောစရာရှိချိန်တွင် ဖုန်းဆက်ခြင်း၊ ဖက်စ်ပို့ခြင်း၊ မက်ဆေ့ပို့ခြင်း သို့မဟုတ် တတိယလူ(ဉပမာ။ ။ သူငယ်ချင်း၊ ရှေ့နေ)ကို ပြောခိုင်းမည်။

၁၂။ ကျွန်တော်/ကျွန်မက ဖုန်းနံပါတ်ပြောင်းခြင်း သို့မဟုတ် ဖုန်းဖြေစက်သုံးခြင်း၊ လက်ကိုင်ဖုန်းသုံးခြင်း နည်းများဖြင့် သို့မဟုတ် အိမ်သား၊ အလုပ်ဖော်၊ အဆောက်အအုံအုပ်ထိန်းသူများကိုပြောထားခြင်းဖြင့် မကိုင်ချင်သောဖုန်း၊ မတွေ့ချင်သူကို စစ်ထုတ်နိုင်သည်။

၁၃။ အလုပ်သွားချိန်တွင် ခါတိုင်းသွားနေကျလမ်းမဟုတ်သော အခြားလမ်းမှသွားခြင်း သို့မဟုတ် တစ်ခါ တစ်ရံ အခြားလမ်းပန်းဆက်သွယ်ရေးယာဉ်များပြောင်းသုံးခြင်း သို့မဟုတ် သူငယ်ချင်းနှင့်အတူသွားမည်။

၁၄။ ကားပေါ်တက်/ဆင်းချိန်တွင် ကားတွင်း သို့မဟုတ် ကားရပ်ရာပတ်ဝန်းကျင်ကို သတိပြုမည်။

၁၅။ လမ်းလျှောက်နေစဉ် သို့မဟုတ် လူများသည့်နေရာများတွင် အနောက်အယှက်ခံရပါက အသံကျယ် ဖြင့် နောက်ယှက်သူကို ဟန့်တားပြီး လမ်းသွားလမ်းလာများကို ဖုန်းဆက်ရဲတိုင်ရန် အကူအညီတောင်း မည်။

၁၆။ စိတ်ဓာတ်ကျချိန်၊ မိမိကိုယ်ကို ထိခိုက်ချင်စိတ်ပေါက်ချိန်တွင် 113 ကာကွယ်ရေးဖုန်းလိုင်း သို့မဟုတ် အသက်ကယ်လိုင်းအစရှိသော အတိုင်ပင်ခံအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်သည့်အပြင် အိမ်တွင်း အကြမ်းဖက်မှု အကြမ်းဖက်ခံရသူများကို ထောက်ပံ့သောအဖွဲ့အစည်းများကိုလည်း ဆက်သွယ်နိုင်သည်။

## ကာကွယ်မိန့်ကျလာပြီးနောက်

၁၇။ ကာကွယ်မိန့်ကျလာပြီးနောက် မိတ္တူဆွဲထားပြီး ကိုယ်နှင့်မကွာယူထားကာ လိုအပ်ပါက အဆောက် အအုံ အုပ်ထိန်းသူ၊ အလုပ်နေရာရှိ ရဲ၊ သားသမီးကျောင်းဆရာ၊ ဆရာမ၊ သူငယ်ချင်းမိတ်ဆွေများကိုလည်း မိတ္တူတစ်စုံစီပေးထားမည်။

၁၈။ အကြမ်းဖက်သူက ကာကွယ်မိန့်မလိုက်နာချိန် (ဥပမာ။ ။ အကြမ်းဖက်ခြင်း၊ နှောက်ယှက်ခြင်း၊ ထိတွေ့မှုလုပ်ခြင်း၊ ခြေရာခံလိုက်ခြင်း၊ ဖုန်းဆက်ခြင်း၊ စာရေးခြင်း သို့မဟုတ် အခြားမလိုအပ်သော ဆက်သွယ်မှုများပြုလုပ်ခြင်း၊ နေထိုင်ရာမှမထွက်ခွာခြင်း၊ နေထိုင်ရာအနီးပတ်ဝန်းကျင်မှမထွက်ခွာခြင်း၊ အလုပ်နေရာ၊ ကျောင်း သို့မဟုတ်အခြားသတ်မှတ်နေရာများမှ မထွက်ခွာခြင်း)တွင် 110 ဖုန်းဆက်၍ ရဲတိုင်မည်။ လက်ထဲတွင်ကာကွယ်မိန့် မိတ္တူတစ်စုံမရှိပါက အရေးပေါ်ချိန်တွင် ရဲကိုအချိန်မီပြော၍ စစ်ကြည့်ရန်သတိပေးမည်။

၁၉။ အကယ်၍ ကာကွယ်မိန့်သက်တမ်းမကုန်ချိန်ပင် အိမ်တွင်းအကြမ်းဖက်မှုထပ်မံဖြစ်ပွားခြင်း သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုထပ်မံပြုခံရကြောင်း သံသယရှိပါက သက်တမ်းမကုန်မီ သက်ဆိုင်ရာအထောက်အထားယူ၍ တရားရုံးတွင် သွားရောက်သက်တမ်းတိုးနိုင်ကြောင်း ကျွန်တော်/ကျွန်မ သိသည်။

၂၀။ ကျွန်တော်/ကျွန်မကိုယ်တိုင်ဖြစ်စေ ရဲကိုအကူအညီတောင်း၍ဖြစ်စေ အကြမ်းဖက်သူအား ကာကွယ်မိန့်လျှောက်ခြင်း၏ရည်ရွယ်ချက်သည် မိမိ၏အသက်လုံခြုံရေးနှင့်လွတ်လပ်မှုဆိုင်ရာ အခြေခံခံစားခွင့်ကို ကာကွယ်လို၍ လျှောက်ခြင်းဖြစ်သည်။ အကြမ်းဖက်သူအနေဖြင့် ဤကာကွယ်မိန့်လျှောက်ခြင်းဖြင့် ပြစ်မှုမကင်းကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ထားကြောင်းမသက်ရောက်ကြောင်း ပြောပြမည်။ သို့သော် အကြမ်းဖက်သူက ကာကွယ်မိန့်ကို ချိုးဖောက်၍ ရဲတိုင်ပြီးသည်နှင့် လက်ရှိပြစ်မှုကျူးလွန်သူအဖြစ် သတ်မှတ်ပြီး ရဲစခန်း ပို့ခြင်း သို့မဟုတ် စာဖြင့်အကြောင်းကြားခြင်းများ ပြုလုပ်မည်။ ပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ်သုံးနှစ်အောက်၊ ဖမ်းဆီးခံရမည် သို့မဟုတ် ဒဏ်ငွေတစ်သိန်းအောက် အရိုက်ခံရမည်။

**အရေးပေါ်ဖုန်းနံပါတ်ဇယား(ကိုယ်နှင့်မကွာယူထားပါ သို့မဟုတ် အသေမှတ်ထားပါ။)**

၂၁။ အရေးပေါ်ချိန်တွင် အကူအညီတောင်းပါ။ **အမှုတိုင်ဖုန်းလိုင်း 110** ကို ချက်ချင်းဆက်ပါ။

၂၂။ အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာများ မေးမြန်းလိုပါက ကာကွယ်မှုဖုန်းလိုင်း၊ အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ရေးစင်တာ၊ ရဲဌာနခွဲ၊ ရုံးခွဲ(ရဲစခန်း)ဖုန်းများ ဆက်၍မေးနိုင်သည်။

| ကာကွယ်မှုဖုန်းလိုင်း | အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ရေးစင်တာ | ရုံးခွဲ(ရဲစခန်း) | ရဲဌာနခွဲ(အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ရေးရဲ) |
|---|---|---|---|
| 113 | | | |

၂၃။ လိုအပ်ချိန်တွင် အောက်ပါလူများကို ဆက်သွယ်ပေးပါ။(နာမည်ဖြည့်ပါက ဖုန်းနံပါတ်ကို မဖြစ်မနေဖြည့်ပေးပါ။)

| | အမှတ်စဉ် 1 | အမှတ်စဉ် 2 | အမှတ်စဉ် 3 | အမှတ်စဉ် 4 |
|---|---|---|---|---|
| နာမည် | | | | |
| ဖုန်းနံပါတ် | | | | |

## ○○○ရဲစခန်းမှ သင့်ကို ကာကွယ်၊ စောင့်ရှောက်မည်။